The Voice Weekly

The Voice Weekly, 19 January 2005

ORGANIZATION

# UNICEF ၏ Executive Director ပြောင်းမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၉

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) အဖွဲ့ကြီး၏ Executive Director ရာထူးကို ၂၀၀၅ ခုနှစ် မေလမှစ၍ အမေရိကန်နိုင်ငံသူ Ann.M Veneman က လွှဲပြောင်းထမ်းဆောင်မည်ဖြစ်ကြောင်း UNICEF မြန်မာနိုင်ငံရုံးမှ Communication Officer ဖြစ်သူ Mr.Jason M. Rush က The Voice ကို ပြောကြားသည်။



Ann.M Veneman

UNICEF ၏ လက်ရှိ Executive Director မှာ Carol Bellamy ဖြစ်ပြီး ၎င်းသည် ၁၉၉၅ ခုနှစ်မှစတင်၍ Executive Director ရာထူးကို ထမ်းရွက်ခဲ့ကာ ၂၀၀၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ၎င်း၏ သက်တမ်းစေ့မည်ဖြစ်ကြောင်းလည်း Jason M. Rush က ဆိုသည်။ UNICEF အဖွဲ့ချုပ်ရုံးသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် တည်ရှိပြီး ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၁၅၈ နိုင်ငံတွင် ရုံးခွဲများ ဖွင့်လှစ်ထားကာ ဝန်ထမ်းအင်အား ၈၀၀၀ ကျော်ဖြင့်ကမ္ဘာ့ကလေးသူငယ်များ၏ အရေးကိစ္စအဝဝနှင့် ပတ်သက်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း၎င်းကဖြည့်စွက်ပြောကြားသည်။